ကျင်ထိန်းသိမ်းရေးဦး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ရုံးအမှတ် (၅၃)၊ နေပြည်တော်

စာအမှတ် ၊ အီးအိုင်အေ-၂ / ၉(၉၇၆(၈)/၂၀၁၇)

ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ဇွန်လ ၂ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အကြောင်းအရာ။ **ရွှေဘုရင်အိမ်ကုမ္ပဏီလီမိတက်၏ မြေဧရိယာ (၂၀) ဧကကျယ်ဝန်းသော သတ္တုလုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအပေါ် အတည်ပြုပြန်ကြားခွင့်ပြုပါရန် တင်ပြခြင်း**

ရည်ညွှန်းချက်။

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၅-၁-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၉ (၁၁၁/၂၀၁၇)

(၂) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ၁၄-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆၆၅/ ရွှေဖက်စပ်(ရွှေဘုရင်အိမ် IEE/EMP)/၁၆-၁၇

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၅-၄-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၉ (၆၃၄/၂၀၁၇)

(၄) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ၁၂-၄-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၉၇၈/ ရွှေဖက်စပ်(ရွှေဘုရင်အိမ်-IEE/EMP)/၁၇-၁၈

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ရွှေဘုရင်အိမ်ကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ (၇) မိုင်ချမ်းသာကျေးရွာအုပ်စု၊ ရှားချက်ဒေသရှိ ခန့်မှန်းမြေပုံညွှန်း 93-B/1 (A-821403 B-824401, C-824400, D-820400) မြေဧရိယာ (၂၀.၀၀) ဧက ကျယ်ဝန်းသော သတ္တုလုပ်ကွက်တွင် ရွှေသတ္တုအသေးစား တူးဖော်ခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ရည်ညွှန်း (၁) ပါစာဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ ရေးဆွဲတင်ပြရန် အကြောင်းပြန်ကြားချက်အရ ရည်ညွှန်း(၂) ပါစာဖြင့် ပေးပို့ခဲ့ပါသည်။

၂။ အဆိုပါ ပေးပို့လာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအား ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်၍ လိုအပ်သည့်အချက်အလက်များ ပြန်လည်ဖြည့်စွက်တင်ပြရန် ရည်ညွှန်း (၃) ပါစာဖြင့် ကနဦးသဘောထားမှတ်ချက် ပြန်ကြားခဲ့ခြင်းအပေါ် လိုအပ်သည့် အချက်အလက်များအား ပြန်လည်ဖြည့်စွက်၍ ရည်ညွှန်း (၄) ပါစာဖြင့် ဒုတိယအကြိမ် ပြန်လည်တင်ပြလာပါသည်။

၃။ တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ တစ်ဖက်ပါအချက်များ ဖော်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်-

(က) အစီရင်ခံစာရေးသားပြုစုသူမှ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာဥပဒေများကို တိကျစွာလိုက်နာ၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းကို ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ကတိဝန်ခံချက်ကို ထည့်သွင်းဖော်ပြထားပါသည်။

(ခ) စီမံကိန်းအနီးပတ်ဝန်းကျင်တွင် မြစ်ချောင်းများတည်ရှိမှု အခြေအနေ၊ သတ္တုတူးဖော်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်၊ စွန့်ပစ် မြေစာ/ ကျောက်များအား စုပုံထားရှိမည့်အခြေအနေ၊ အဆောက်အဦအမျိုးအစား တစ်ခုချင်းအလိုက် အရေအတွက်နှင့် အကျယ်အဝန်း အကွာအဝေးအတိုင်းအတာ၊ ဓာတုပစ္စည်းများနှင့် ယမ်းများကို ပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်စေရန် စနစ်တကျ သိုလှောင်သိမ်းဆည်းမည့် အစီအစဉ်၊ စီမံကိန်းဆောင်ရွက်မည့် နေရာ၏ မြေအသုံးချမှုအခြေအနေနှင့် စီမံကိန်းလုပ်ငန်းအဆင့်တစ်ခုချင်းစီအတွက် အခြားဆောင်ရွက်နိုင်သော နည်းလမ်းများကို ထည့်သွင်းဖော်ပြထားပါသည်။

(ဂ) လက်ရှိပတ်ဝန်းကျင် ဆူညံသံနှင့်တုန်ခါမှု၊ လက်ရှိလေထုအခြေအနေ၊ လက်ရှိရေအရည်အသွေးတို့ကို တိုင်းတာ၍ ၎င်းတို့ကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများဖြင့် နှိုင်းယှဉ်ဖော်ပြချက်ထည့်သွင်းဖော်ပြထားပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့် ဆူညံသံကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ Day Time & Night Time 70 (db) ထက် ကျော်လွန်မှုမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စွန့်ပစ်ရေများအား ရေစစ်ကန် (၃) ဆင့်နှင့် စွန့်ပစ်မည့် အစီအစဉ်အား ရှင်းလင်းဖော်ပြချက်တို့ကို ထည့်သွင်းဖော်ပြထားပါသည်။

(င) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်း၊ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျှော့ချမည့် လုပ်ငန်းစဉ်များ၊ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများအပေါ် စောင့်ကြပ်ကြည့်ရှုမည့် နေရာနှင့် စောင့်ကြပ်ကြည့်ရှုခြင်းအတွက် ရန်ပုံငွေလျာထားချက်တို့ကို ထည့်သွင်းဖော်ပြထားပါသည်။

၄။ သို့ဖြစ်ပါ၍ ရွှေဘုရင်အိမ်ကုမ္ပဏီလီမိတက်၏ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ (၇) မိုင်ချမ်းသာကျေးရွာအုပ်စု၊ ရှားချက်ဒေသရှိ ခန့်မှန်းမြေပုံညွှန်း 93-B/1 (A-821403 B-824401, C-824400, D-820400) မြေဧရိယာ (၂၀.၀၀) ဧက ကျယ်ဝန်းသော သတ္တုလုပ်ကွက်တွင် ရွှေသတ္တုအသေးစား တူးဖော်ခြင်းနှင့်ပတ်သက်၍ တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီပါသဖြင့် အတည်ပြုနိုင်ရန်နှင့် အစီအမံပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အောက်ဖော်ပြပါအချက်များအား အလေးထားလိုက်နာဆောင်ရွက်နိုင်ရန် ပြန်ကြားနိုင်ရေးအပေါ် လမ်းညွှန်မှုပြုနိုင်ပါရန်တင်ပြအပ်ပါသည်-

(က) အစီရင်ခံစာ အပိုဒ် (၂၁) ပါ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာ

(ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အပိုဒ် ၄၀ (က၊ ခ) နှင့် အပိုဒ် (၄၁) ပါ ဆိုင်ယာနိုက် သိုလှောင်ထားရှိခြင်း၊ ပြဒါး သိုလှောင်ထားရှိခြင်းနှင့် ယမ်းများကို ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် သိုလှောင်ထားရှိမည့် အစီအစဉ်များအတိုင်း ဆောင်ရွက်ရန်၊

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အပိုဒ် (၅၁)ပါဆိုင်ယာနိုက်၊ ပြဒါးနှင့် ယမ်းများ အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအား ကာကွယ်ရေး အစီအစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ဃ) လက်ရှိပတ်ဝန်းကျင်ရှိ ရေအရည်အသွေးတွင် Arsenic (As)၊ Lead (Pb) ပါဝင်မှု နှုန်းများ များပြားနေသဖြင့် လျော့ကျစေရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ရန်၊

(င) စွန့်ပစ်ရေများအတွက် အစီရင်ခံစာ အပိုဒ် (၆၃) ပါအတိုင်း အနည်စစ်ကန်များ ပြုလုပ်၍ သန့်စင်သွားရန်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆောင်ရွက်ရာတွင် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ သတ္တုရိုင်းနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် သတ်မှတ်ထားသည့် Parameter များအတိုင်း တစ်လတစ်ကြိမ် တိုင်းတာစစ်ဆေးရန်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(စ) လုပ်ငန်းခွင်မှထွက်ရှိသော စွန့်ပစ်မြေစာ/ ကျောက်များ စွန့်ပစ်ရာတွင် မြေအောက်ရေ နှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုမရှိစေရေး အစီရင်ခံစာအပိုဒ် ၅၀ (ဃ) ပါအတိုင်း ဆောင်ရွက်ရန်၊

(ဆ) လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း ဒေသခံပြည်သူနှင့် ဝန်ထမ်းများ၏ ရေရှည် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး အလေးပေးဆောင်ရွက်ရန်၊

(ဇ) လုပ်ငန်းဆောင်ရွက်သည့် လုပ်သားများအား ကျန်းမာရေးထိခိုက်မှုမရှိစေရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများ (၃) လ တစ်ကြိမ်ဆောင်ရွက်၍ စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(ဈ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်စဉ် ကာလများအတွင်း အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊

(ည) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်လိုက်လျောညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့်ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(ဋ) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများအတွက် အစီရင်ခံစာ အပိုဒ် (၅၄) ပါအတိုင်း ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ရေအရည်အသွေး၊ မြေအရည်အသွေးတို့ကို လက်ရှိ ပတ်ဝန်းကျင် အခြေအနေထက် ပိုမိုဆိုးရွားမှုမရှိစေရေး တာဝန်ယူဆောင်ရွက်ရန်၊

(ဌ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အပိုဒ် (၆၆)ပါစောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက် မည့် အစီအစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်နှင့် စောင့်ကြပ်ကြည့်ရှုခြင်း

အစီရင်ခံစာအား အများပြည်သူသိရှိနိုင်ရေး ထုတ်ဖော်ကြေငြာရန်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်၊

(လှမောင်သိန်း)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို
ရုံးလက်ခံ၊ မျှောစာတွဲ